## အမျိုးသားညီလာခံ ကြိုဆိုထောက်ခံရေးအင်အားစု ကြေညာချက်အမှတ်(၁) ၈-၇-၂၀၀၇
## "အမျိုးသားညီလာခံအောင်မြင်စွာကျင်းပပြီးစီးရေး ပြည်သူသို့ပန်ကြားချက်"

၁။ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်မာစွာတည်ရှိရေးဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်မှစ၍ ဖွဲ့စည်းပုံဥပဒေမဲ့ခဲ့သည်။ ထိုကြောင့် မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရရှိရေးမှာအဓိက မရှိမဖြစ် လိုအပ်ချက်ဖြစ်ပေသည်။

၂။ အထက်ပါ သမိုင်း၏တောင်းဆိုချက်အား ဖြည့်ဆည်းသည့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာပေါ်ပေါက်လာရေးအတွက် တပ်မတော်အစိုးရကတာဝန်ယူပြီး တစ်မျိုးသားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးရေးဆွဲနိုင်ရန် ညီလာခံကျင်းပရေး အကြိုညှိနှိုင်းပွဲများကို ကျင်းပခဲ့သည်။ အကြိုညှိနှိုင်းပွဲများတွင် NLD အပါအဝင် တရားဝင် နိုင်ငံရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ညီလာခံတွင် အခြေခံရမည့်ဦးတည်ချက် (၆) ရပ်ကို ကြိုတင်ညှိနှိုင်း သဘောတူခဲ့ကြပြီးမှ အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပခဲ့ခြင်းဖြစ်သည်။

၃။ ညီလာခံသို့ လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များ၊ တရားဝင်တည်ရှိသော နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ (ညီလာခံပထမပိုင်း ၁၉၉၃ မှ ၁၉၉၅ အထိ NLD ပါတီမှအရွေးချယ်ခံပုဂ္ဂိုလ်များနှင့် ပါတီကိုယ်စားလှယ်များ ကျေကျေနပ်နပ်တက်ရောက်၍ ဦးတည်ချက်(၆)ရပ်၊ အခန်းကြီး(၁၅)ခန်းနှင့် အခြေခံရမည့်မူ(၁၀၄)ချက် သဘောတူချမှတ်ပြီးသည်အထိ တက်ရောက်ခဲ့သည်။) အခြားအရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သော ပုဂ္ဂိုလ်များလည်းတက်ရောက်ခဲ့ကြသည်။

၄။ သို့ရာတွင် ၁၉၉၅ တွင် နေအိမ်၌ကန့်သတ်ထားမြစ်ထားခြင်းမှ ဒေါ်စုကြည်ပြန်လည်ကင်းလွတ်ခွင့်ရပြီးနောက် NLD ညီလာခံကိုယ်စားလှယ်များသည် ညီလာခံအားကျောခိုင်း၍ ထွက်ခွာသွားကြသည်။

၅။ ထိုမျှပင်မက အမျိုးသားညီလာခံမှ ချမှတ်သဘောတူထားပြီးဖြစ်သော ဖွဲ့စည်းပုံရေးဆွဲရာတွင် အခြေခံရမည့်မူ(၁၀၄)ချက်အား ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သည့် တောတွင်းသောင်းကျန်းသူများ ရေးဆွဲသည့် (မဲသရောထ) ဟုဆိုသော Genuine Federal ပြည်ထောင်စုမျိုးဖွဲ့စည်းရန် ကြေညာချက်ကို NLD မှသဘောတူကြောင်း ဒေါ်စုကြည်ကိုယ်တိုင် ထုတ်ပြန်ကြေညာခဲ့သည်။

၆။ ထို့ပြင် ၁၉၉၈ မေလ (၂၇) ရက်နေ့တွင် NLD ကကျင်းပသည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ၈ နှစ်မြောက် အစည်းအဝေး၌ ‘ လွှတ်တော်ခေါ်ရမည့် နောက်ဆုံးနေ့ရက်ကို သတ်မှတ်ပြီး အာဏာပိုင်များအား အသိပေးရမည့် ကိစ္စကို ဤညီလာခံကြီးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား မကြာမီရက်အတွင်း ဆောင်ရွက်ရန်တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည် ’ဟူ၍ လွှတ်တော်ခေါ်ရေးတောင်းဆိုမှုကို ထပ်မံအတိအလင်းကြေညာခဲ့ခြင်းဖြင့် အမျိုးသားညီလာခံ လမ်းကြောင်းကို ဆန့်ကျင်ခဲ့ပေသည်။

၇။ သို့ရာတွင် တပ်မတော်အစိုးရသည် NLD ၏ဆန့်ကျင်မှုများအား စိတ်ရှည်သည်းခံမှုဖြင့် ကျော်လွှား၍ ၂၀၀၄ ခုနှစ်တွင် အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပခဲ့ရာ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်အတွက် လိုအပ်သော အချက်အလက်များချမှတ်နိုင်ပြီး ညီလာခံကြီး အောင်မြင်စွာပြီးဆုံးရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

၈။ ဤသို့ အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးဆုံးရန် နီးကပ်နေစဉ်တွင် ညီလာခံကြီး နှောင့်နှေးကြန့်ကြာပြီး ပျက်စီးသွားစေရန် ဦးတည်ချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုနိုင်စေရန်အတွက် NLD မှ အထူးကြေညာချက်များ ထုတ်ပြန်၍ ခြေလှမ်းပြင်လာသည်ကို မြင်တွေ့နေရပေသည်။

၉။ သို့ဖြစ်ရာ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း အစီအစဉ်ရှိရှိဖြင့် ထပ်မံလုပ်ဆောင်လာသော NLD နှင့်အတူ သံတူကြောင်းကွဲ လှုပ်ရှားလာကြသောအဖွဲ့အစည်းနှင့် လူတစ်စုတို့၏ သွေးထိုးလှုံ့ဆော် ဖြားယောင်းမှုများကို ပြည်သူတစ်ရပ်လုံးက သတိထားလျက် ဝိုင်းဝန်းဆန့်ကျင်ဟန့်တားကြပါရန် အလေးအနက်တိုက်တွန်းလိုက်ရပါကြောင်း။

အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးအင်အားစု